# အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စည်းရုံးလှုံ့ဆော်ရေးလက်စွဲ

*အာရှ-ပစိဖိတ်ဒေသရှိ နည်းပညာကုမ္ပဏီများနှင့် လူ့အခွင့်အရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ခြင်း။*

---

အာရှ-ပစိဖိတ်ဒေသအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ တသီးပုဂ္ဂလ ကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံခွင့်နှင့် ဒစ်ဂျစ်တယ်အခွင့်အရေးများအတွက် လုပ်ဆောင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်း (CSOs) များအတွက် ရည်ရွယ်သည်။

| ဤလက်စွဲစာအုပ်ကို မည်သို့အသုံးပြုမလဲ။ |
|---|
| ဤလက်စွဲစာအုပ်ကို နားလည်သဘောပေါက်မှုမှသည် လက်တွေ့လုပ်ဆောင်မှုအထိ ကူးပြောင်းနိုင်ရန် ဖွဲ့စည်းထားပါသည်။ သင်သည် လက်စွဲစာအုပ်အား အစမှအဆုံးဖတ်ရှုနိုင်သကဲ့သို့ သင့်လက်ရှိလုပ်ငန်းနှင့် အကိုက်ညီဆုံးသော အပိုင်းသို့လည်း တိုက်ရိုက်သွားရောက်လေ့လာနိုင်ပါသည် - |
| • လူ့အခွင့်အရေးဆိုင်ရာ အခြေခံအချက်များ လိုအပ်ပါသလား? → လူ့အခွင့်အရေးမူဘောင် (စာမျက်နှာ ၃) |
| • နည်းပညာကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်ရန် စီစဉ်နေပါသလား? → ဘေးကင်းပြီး မဟာဗျူဟာမြောက်သော ချိတ်ဆက်မှု (စာမျက်နှာ ၅) |
| • အန္တရာယ်များသောအခြေအနေတွင် လုပ်ဆောင်နေရပါသလား? → (ကုမ္ပဏီမှ တရားဝင်ဆောင်ရွက်ခြင်းမဟုတ်သည့်) ပါဝင်ပတ်သက်သူလူထုမှ ဆောင်ရွက်သည့် လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်များ (CLARITI) (စာမျက်နှာ ၇) |
| • နိုင်ငံတကာယန္တရားများကို ရှာဖွေနေပါသလား? → စည်းရုံးလှုံ့ဆော်မှုနှင့် တာဝန်ခံမှု (စာမျက်နှာ ၉) |

# နိဒါန်း

နည်းပညာကုမ္ပဏီများသည် ယခုအခါ အာရှ-ပစိဖိတ်ဒေသတဝှမ်းရှိ လူထုဘဝ၏ ဗဟိုချက်တွင် ရှိနေကြသည်။ လူမှုကွန်ရက်စာမျက်နှာများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများ၊ ကလောက်ဒ် (Cloud) အခြေခံအဆောက်အအုံ လုပ်ဆောင်သူများနှင့် ဉာဏ်ရည်တု (AI) တီထွင်သူများသည် လူသားတို့၏ ဆက်သွယ်ပြောဆိုပုံ၊ သတင်းအချက်အလက်ရယူပုံနှင့် အရပ်ဘက်လူမှုဝန်းကျင်တွင် ပါဝင်ဆောင်ရွက်ပုံတို့ကို ပုံဖော်ပေးနေကြသည်။

ဒေသတွင်းရှိ အစိုးရများသည် ဆိုင်ဘာလုံခြုံရေးဥပဒေများ၊ အွန်လိုင်းအကြောင်းအရာ ထိန်းချုပ်မှုများ၊ ဒေတာများအား ပြည်တွင်း၌သာ သိမ်းဆည်းရန် သတ်မှတ်ချက်များနှင့် ပလက်ဖောင်းစီမံခန့်ခွဲမှု မူဘောင်များမှတဆင့် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်ကို ထိန်းကျောင်းရန် အရှိန်အဟုန်ဖြင့် လုပ်ဆောင်လာနေကြသည်။ ဤလုပ်ဆောင်ချက်အချို့သည် အများပြည်သူအကျိုးစီးပွားအတွက် ဖြစ်သော်လည်း အချို့မှာ ဆင်ဆာဖြတ်တောက်ခြင်း၊ အများပြည်သူကို နည်းပညာသုံးပြီး နေရာအနှံ့မှ အလုံးအရင်းအတိုင်းအတာဖြင့် စောင့်ကြည့်ခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို စနစ်တကျ နှိပ်ကွပ်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

ဤအခြေအနေတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) သည် မရှိမဖြစ်လိုအပ်ပါသည်။ ၎င်းတို့သည် ထိခိုက်နစ်နာမှုများကို မှတ်တမ်းတင်ခြင်း၊ ထိခိုက်ခံစားရသော လူ့အဖွဲ့အစည်းများ၏ အသံကို မြှင့်တင်ပေးခြင်းနှင့် နိုင်ငံတော်နှင့် ကုမ္ပဏီများနှစ်ခုစလုံးကို နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများနှင့်အညီ တာဝန်ခံမှုရှိစေရန် လုပ်ဆောင်နေကြသည်။

## ဤလက်စွဲစာအုပ်က သင့်ကို မည်သို့ကူညီပေးနိုင်သလဲ

- သင့်လုပ်ငန်းခွင်အတွင်းရှိ နည်းပညာနှင့်သက်ဆိုင်သော လူ့အခွင့်အရေးဆိုင်ရာ အန္တရာယ်များကို **ဆန်းစစ်ရန်**
- လူ့အဖွဲ့အစည်းများမှ ခံစားရသော ထိခိုက်နစ်နာမှုများကို ခိုင်လုံပြီး စနစ်တကျရှိသော နည်းလမ်းဖြင့် **မှတ်တမ်းတင်ရန်**
- နည်းပညာကုမ္ပဏီများနှင့် တာဝန်ယူမှုရှိစွာ၊ ဘေးကင်းစွာ **ချိတ်ဆက်ဆောင်ရွက်ရန်**
- ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်များတွင် ပိုမိုခိုင်မာသော တာဝန်ခံမှုရှိလာအောင် **စည်းရုံးလှုံ့ဆော်ရန်**

# နည်းပညာကုမ္ပဏီများအတွက် လူ့အခွင့်အရေးမူဘောင်

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေသည် နည်းပညာကုမ္ပဏီများကို တာဝန်ခံမှုရှိစေရန် အဓိကအခြေခံဖြစ်သည်။ အောက်ဖော်ပြပါ မူဘောင်များသည် ဒစ်ဂျစ်တယ်အခွင့်အရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများတွင် အသုံးအများဆုံးဖြစ်ပြီး ယင်းတို့ကို သိရှိထားခြင်းဖြင့် ကုမ္ပဏီများနှင့် မူဝါဒချမှတ်သူများကို ပိုမိုခိုင်လုံတိကျစွာ ချိတ်ဆက်ဆွေးနွေးနိုင်မည်ဖြစ်သည်။

## အဓိကနိုင်ငံတကာစံနှုန်းများ

| စံနှုန်း | နည်းပညာကုမ္ပဏီများနှင့် သက်ဆိုင်မှု |
|---|---|
| UDHR နှင့် ICCPR ပိုဒ်မ ၁၉ | မည်သည့်မီဒီယာ သို့မဟုတ် ပလက်ဖောင်းပေါ်တွင်မဆို သတင်းအချက်အလက်ရှာဖွေခြင်း၊ လက်ခံခြင်းနှင့် မျှဝေခြင်း အပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးသည်။ |
| ICCPR ပိုဒ်မ ၁၇ | လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဆက်သွယ်ပြောဆိုမှုများနှင့် ကိုယ်ရေးကိုယ်တာ ဒေတာများကို မတရားဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ပေးသည့် တသီးပုဂ္ဂလကိုယ်ရေးကိုယ်တာ အချက်အလက်လုံခြုံခွင့် (Right to Privacy) ကို ကာကွယ်ပေးသည်။ |
| စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမှုများ (UNGPs) | အစိုးရများသာမက ကုမ္ပဏီများသည်လည်း လူ့အခွင့်အရေးကို လေးစားရမည်၊ ထိခိုက်နစ်နာမှုများကို ရှောင်ရှားရမည်ဖြစ်ပြီး၊ လူ့အခွင့်အရေးဆိုင်ရာ စဉ်ဆက်မပြတ် စိစစ်အကဲဖြတ်မှုများ (Due Diligence) ပြုလုပ်ရမည်ဟု သတ်မှတ်ထားသည်။ |

စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမှုများ (UNGPs)သည် နည်းပညာဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများအတွက် အထူးအရေးကြီးပါသည်။ အစိုးရများက တောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ ကုမ္ပဏီများသည် လူ့အခွင့်အရေးကို လေးစားရန် တာဝန်ရှိကြောင်းနှင့် အကြောင်းအရာ စီမံခန့်ခွဲမှု၊ ဒေတာစီမံခန့်ခွဲမှု၊ ပလက်ဖောင်းဒီဇိုင်း အပါအဝင် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်စပ်နေသော ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းရမည်ဟု ပြဋ္ဌာန်းထားသည်။

## ဒေသတွင်းမူဘောင်များ - အာဆီယံ (ASEAN)

အရှေ့တောင်အာရှတွင် အခြေစိုက်လည်ပတ်နေသော ကုမ္ပဏီများနှင့် ချိတ်ဆက်ရာတွင် အောက်ဖော်ပြပါ အာဆီယံမူဘောင်များသည် သက်ဆိုင်ရာ ဒေသတွင်းနောက်ခံအခြေအနေများကို ပံ့ပိုးပေးပါသည်။ ၎င်းတို့သည် အဓိကအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒစ်ဂျစ်တယ်ချိတ်ဆက်မှုအပေါ် အလေးပေးအာရုံစိုက်

သော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကို ချိတ်ဆက်ရန် အခွင့်အလမ်းများ ဖန်တီးပေးပါသည် -

- အာဆီယံ ဒစ်ဂျစ်တယ် မဟာဗျူဟာ စီမံကိန်း ၂၀၂၅ (ASEAN Digital Masterplan 2025)
- အာဆီယံ ဒစ်ဂျစ်တယ်ဒေတာ စီမံအုပ်ချုပ်မှု မူဘောင် (ASEAN Framework on Digital Data Governance)
- အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူညီချက် (ASEAN Digital Economy Framework Agreement (DEFA))
- အာဆီယံ ICT ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများ (ASEAN ICT cooperation mechanisms)

## ကဏ္ဍအလိုက် နိုင်ငံတကာ စံနှုန်းများ

- UN B-Tech Project — UNGPs မူများကို အထူးသဖြင့်ဒစ်ဂျစ်တယ်နည်းပညာများတွင် လက်တွေ့ကျင့်သုံးရန် လမ်းညွှန်ချက်။
- Global Network Initiative (GNI) Principles — ICT ကုမ္ပဏီများအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တသီးပုဂ္ဂလကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံခွင့်ကို ကာကွယ်ရန် ကျယ်ပြန့်စွာ အသုံးပြုသောစံနှုန်းများ။
- Santa Clara Principles — အကြောင်းအရာ စိစစ်ထိန်းချုပ်ခြင်း (Content Moderation) ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု တိုင်းတာရန်စံနှုန်းများ။

**ℹ️ ဤအချက်သည် သင့်စည်းရုံးလှုံ့ဆော်မှုအတွက် ဘာကြောင့် အရေးကြီးသလဲ။**

နည်းပညာကုမ္ပဏီများစွာသည် ၎င်းတို့၏ ပွင့်လင်းမြင်သာမှု အစီရင်ခံစာများနှင့် အများပြည်သူဆိုင်ရာမူဝါဒများတွင် ဤမူဘောင်များကို ကိုးကားလေ့ရှိသည်။ ယင်းတို့ကို သိရှိထားခြင်းဖြင့် ကုမ္ပဏီများကို (သဘောတရားသက်သက်မျှမဟုတ်ဘဲ) ၎င်းတို့ကိုယ်တိုင် ကတိပြုထားသည့်အချက်များအတိုင်း တာဝန်ခံလာစေရန် တောင်းဆိုနိုင်မည်ဖြစ်သည်။

# နည်းပညာကုမ္ပဏီများနှင့် ဘေးကင်း၍မဟာဗျူဟာမြောက်စွာ ချိတ်ဆက်ခြင်း

အန္တရာယ်များသော သို့မဟုတ် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နည်းပညာနှင့် ICT ကုမ္ပဏီများအား ချိတ်ဆက်ရာ၌ အထူးသတိပြု ပြင်ဆင်ရန်လိုအပ်သည်။ စည်းရုံးချိတ်ဆက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တခုလုံးတွင် အဓိကလမ်းညွှန်မူမှာ မိမိအဖွဲ့အစည်း၊ မိမိ၏လုပ်ဖော်ကိုင်ဖက်များနှင့် မိမိကိုယ်စားပြုသော လူ့အဖွဲ့အစည်းများကို ထိခိုက်မှုလုံးဝမရှိစေရေး (Do no harm) ဖြစ်သည်။

George Washington Law Clinic မှ ထုတ်ပြန်သော ပဋိပက္ခဒဏ်ခံနေရပြီး အန္တရာယ်များသော နယ်မြေများ တွင် လုပ်ကိုင်နေသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကုမ္ပဏီများနှင့် ထိတွေ့ ဆက်ဆံဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်များတွင် အဓိပ္ပာယ်ပြည့်ဝ သော ကြိုတင်ပြင်ဆင်မှုဆိုသည်မှာ မည်သို့ရှိသင့်ကြောင်း ဖော်ပြထားသည်။ ပဋိပက္ခဖြစ်ပွားရာ နောက်ခံအ ကြောင်းအရာကို ဆန်းစစ်ခြင်း၊ မိမိ၏ ရည်မှန်းချက်များနှင့် အခြေခံမူများကို ရှင်းလင်းစွာသတ်မှတ်ခြင်း၊ လုံခြုံရေးနှင့် ဒေတာကာကွယ်ရေးဆိုင်ရာ ဖြစ်နိုင်ခြေ အန္တရာယ်များကို အကဲဖြတ်ခြင်းနှင့် မည်သည့်ချိတ် ဆက်ဆောင်ရွက်မှုမျှ မစတင်မီ တိကျရှင်းလင်းသော လိုရင်းအချက်ကို ကြိုတင်ဖော်ထုတ်သတ်မှတ်ထားခြင်း တို့ ဖြစ်သည်။

အောက်ပါ လက်တွေ့ကျသော အကြံပြုချက်များသည် အထက်ပါလမ်းညွှန်ချက်များကို ပိုမိုပြည့်စုံစေရန် ဖြည့်စွက်ပေးထားသည် -

## တာဝန်ယူမှုရှိသော ချိတ်ဆက်မှုအတွက် အခြေခံမူ ၆ ချက်

| | |
|---|---|
| **၁။ ကြိုတင်လေ့လာပါ** | ဆက်သွယ်ခြင်းမပြုမီ ကုမ္ပဏီ၏ မူဝါဒများ၊ ယခင်ဆောင်ရွက်မှုများနှင့် ဥပဒေ ကြောင်းအရ လိုက်နာရမည့်အချက်များကို သုတေသနပြုပါ။ ဥပမာအားဖြင့် - Meta ၏ ပွင့်လင်းမြင်သာမှု အစီရင်ခံစာများတွင် အစိုးရ၏ တောင်းဆိုချက်များအ ရ ကုမ္ပဏီက အကြောင်းအရာများအား မည်သို့ကန့်သတ်ထားသည်ကို မှတ်တမ်း တင်ဖော်ပြထားရာ ၎င်းသည် သင်စိန်ခေါ်မည့်အချက်အတွက် အခြေခံအချက်အ လက်ကို ပေးစွမ်းနိုင်သည်။ |
| **၂။ သင့်လျော်မှန်ကန်သည့် သူများနှင့် ချိတ်ဆက်ပါ** | ကုမ္ပဏီအတွင်းရှိ ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများကိုသာမက လူ့အခွင့်အရေး၊ မူဝါဒရေးရာ၊ ယုံကြည်စိတ်ချရမှုနှင့် ဘေးကင်းလုံခြုံရေး (Trust and Safety) သို့မဟုတ် ဥပဒေလိုက်နာမှုကြီးကြပ်ရေး (Legal Compliance) တာဝန်ခံအဖွဲ့များ ကိုပါ ဦးတည်ချိတ်ဆက်ပါ။ သက်ဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်များကို ကုမ္ပဏီ၏ မူဝါဒစာမျက်နှာများ၊ LinkedIn၊ တွေ့ဆုံဆွေးနွေးပွဲများနှင့် ဒေသဆိုင်ရာရုံးလမ်း ညွှန်များမှတဆင့် ရှာဖွေဖော်ထုတ်နိုင်သည်။ |
| **၃။ စုပေါင်းဆောင်ရွက်ပါ** | အင်အားစုများ ပြန့်ကျဲမသွားစေရန်နှင့် စုပေါင်းအင်အားဖြင့် သြဇာသက်ရောက်မှု ကို တည်ဆောက်နိုင်ရန်အတွက် မိတ်ဖက်အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မဟာ မိတ်များနှင့် ပူးပေါင်းဆောင်ရွက်ပါ။ အရှေ့တောင်အာရှ မူဝါဒရေးရာ ပူးပေါင်း ဆောင်ရွက်ရေးကွန်ရက် (SEA CPN) သို့မဟုတ် ဒစ်ဂျစ်တယ်အာဏာရှင်စနစ် တားဆီးတိုက်ဖျက်ရေး အာဆီယံဒေသတွင်း မဟာမိတ်အဖွဲ့ကဲ့သို့သော ဒေသ |

| | |
|---|---|
| | တွင်း မဟာမိတ်အဖွဲ့များသည် လက်ရှိတွင် လှုပ်ရှားဆောင်ရွက်နေခြင်း ရှိ၊ မရှိကိုလည်း စစ်ဆေးပါ။ |

| | |
|---|---|
| **၄။ ဘေးကင်းလုံခြုံရေးကို ဦးစားပေးပါ** | ချိတ်ဆက်မှု မပြုမီနှင့် ပြုလုပ်ပြီးနောက် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို ဆန်းစစ်ပါ။ လုံခြုံသော ဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြုပါ။ မည်သို့သော လက်တုံ့ပြန်မှုများ (သို့မဟုတ်) ရိုက်ခတ်မှုများ ရှိလာနိုင်သည်ကို စဉ်းစားထားပြီး ကာကွယ်ရေးအစီအမံများကို ကြိုတင်ရေးဆွဲထားပါ။ |

| | |
|---|---|
| **၅။ အရာအားလုံးကို မှတ်တမ်းတင်ပါ** | တင်ပြခဲ့သော စိုးရိမ်စရာအချက်များ၊ ရရှိခဲ့သော ကတိကဝတ်များနှင့် နောက်ဆက်တွဲ လုပ်ဆောင်ရန် သဘောတူညီချက်များကို အသေးစိတ်မှတ်တမ်းတင်ထားပါ။ မှတ်တမ်းတင်ထားခြင်းက ကုမ္ပဏီမှ တာဝန်ခံလာစေရန် အသုံးပြုနိုင်သည့် သင်၏ ကိရိယာဖြစ်သလို ခိုင်လုံသော အထောက်အထားလည်း ဖြစ်သည်။ |

| | |
|---|---|
| **၆။ လိုအပ်လျှင် အရှိန်မြှင့်ပါ** | တိုက်ရိုက်ချိတ်ဆက်မှု မအောင်မြင်ပါက စုပေါင်းစည်းရုံးလှုံ့ဆော်ခြင်း၊ ဒေသတွင်း တာဝန်ခံမှုယန္တရားများနှင့် CLARITI (နောက်လာမည့် အပိုင်းတွင် ကြည့်ပါ) ကဲ့သို့သော ဒေသခံလူအဖွဲ့အစည်းမှ ဦးစီးဆောင်ရွက်နိုင်သည့် ကိရိယာများကို အသုံးပြု၍ ပြင်ပဖိအားပေးမှုကို တည်ဆောက်ခြင်းဖြင့် အရှိန်မြှင့်ပါ။ |

## CLARITI: ကုမ္ပဏီမှ ဆန်းစစ်ချက်မဟုတ်ဘဲ ဒေသခံလူထုဦးဆောင်သော သီးခြားဆန်းစစ်ချက်

နည်းပညာကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်ထိတွေ့ရန် ဘေးမကင်းသည့် သို့မဟုတ် မဖြစ်နိုင်သည့် အခြေအနေမျိုးတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုဆန်းစစ်ချက်များကို ကိုယ်တိုင်ပြုလုပ်ခြင်းအားဖြင့် ခိုင်လုံသော သက်သေအထောက်အထားများအပေါ် အခြေခံသည့် စည်းရုံးလှုံ့ဆော်မှုအနေအထားကို တည်ဆောက်နိုင်ပါသေးသည်။

CLARITI သည် လက်တွေ့ကျပြီး ဒေသခံလူထုမှ အသုံးပြု၍ ဦးစီးဆောင်ရွက်နိုင်သော ကိရိယာတခုဖြစ်ကာ၊ အရပ်ဘက်ဖွဲ့အစည်းများအား အတွေ့အကြုံများမှ ခိုင်လုံသော လူ့အခွင့်အရေးဆိုင်ရာ သက်သေအထောက်အထားများအဖြစ်သို့ ပြောင်းလဲနိုင်အောင် ပံ့ပိုးပေးသည်။ ARTICLE 19 နှင့် Ranking Digital Rights တို့မှ ရေးသားပြုစုထားသည့် ယင်း CLARITI သည် ကုမ္ပဏီများက ၎င်းတို့၏ လူ့အခွင့်အရေးအပေါ် သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်များကို ထုတ်ပြန်ခြင်းမရှိသည့်အခါ၊ သို့မဟုတ် ထိခိုက်ခံစားရသော လူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန် ပျက်ကွက်သည့်အခါမျိုးတွင် 'ကုမ္ပဏီမှ မဟုတ်ဘဲ ဒေသခံလူထုမှ ဆောင်ရွက်

သည့်’ လူ့အခွင့်အရေးအပေါ် သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်များ (HRIAs) ကို ပြုလုပ်နိုင်ရန် ကူညီပေးသည်။

CLARITI သည် အရပ်ဘက်အဖွဲ့အစည်းများ၏ သုတေသနအတွက် ခိုင်မာ၍ ခံကာကွယ်နိုင်စွမ်းရှိသော တည်ဆောက်ပုံတရပ်ကိုပေးနိုင်ရန် ဦးတည်ပုံဖော်ထားသည့် အဆင့် (၈) ဆင့်ပါ လုပ်ငန်းစဉ်ကို ကျင့်သုံးသည်။

| အဆင့် | ဘာတွေလုပ်ဆောင်ရမလဲ |
|---|---|
| ၁။ ရည်ရွယ်ချက်အား သတ်မှတ်ခြင်း | ဆန်းစစ်ချက်၏ နယ်ပယ်၊ ရည်မှန်းချက်နှင့် ဦးတည်မည့်ပရိသတ်ကို ရှင်းလင်းစွာ သတ်မှတ်ပါ။ |
| ၂။ အဖွဲ့ကို ပြင်ဆင်ခြင်း | သုတေသနအဖွဲ့ကို ဖွဲ့စည်းပြီး ထိခိုက်ခံစားရသည့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများကို သတ်မှတ်ပါ။ |
| ၃။ ပြဿနာများကို နယ်ပယ် သတ်မှတ်ခြင်း | စုံစမ်းဖော်ထုတ်ရမည့် အဓိက လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ချက်များကို မြေပုံဆွဲပါ။ |
| ၄။ ဥပဒေဆိုင်ရာ အခြေအနေများကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း | အသုံးချနိုင်သည့် သက်ဆိုင်ရာ ဥပဒေနှင့် မူဝါဒ ပတ်ဝန်းကျင်တရပ်လုံးကို ဆန်းစစ်ပါ။ |
| ၅။ သက်ရောက်မှုများကို မှတ်တမ်းတင်ခြင်း | ထိခိုက်ခံစားရသော လူ့အဖွဲ့အစည်းများထံမှ နစ်နာမှုသက်သေအထောက်အထားများကို စုဆောင်းပါ။ |
| ၆။ အကြံပြုချက်များ ဖော်ထုတ်ခြင်း | ကုမ္ပဏီနှင့် အစိုးရများအတွက် တိကျသော တောင်းဆိုချက်များကို ရေးဆွဲပါ။ |
| ၇။ တွေ့ရှိချက်များကို စုစည်း ခြင်း | လေ့လာတွေ့ရှိချက်များကို ခိုင်ခိုင်လုံလုံနှင့် ထုတ်ဝေနိုင်သော အစီရင်ခံစာဖြစ်အောင် စုစည်းတည်ဆောက်ပါ။ |
| ၈။ ရလဒ်များကို အသုံးပြု ခြင်း | လေ့လာတွေ့ရှိချက်များကို ကုမ္ပဏီနှင့် ချိတ်ဆက်ရာတွင် သို့မဟုတ် ပိုမိုကျယ်ပြန့်သည့် စည်းရုံးလှုံ့ဆော်မှုတွင် အသုံးပြုပါ။ |

CLARITI ကို ဒေသတွင်းရှိ အန္တရာယ်မြင့်မားသော အခြေအနေများတွင် စတင်အသုံးချနေပြီဖြစ်ပြီး ယခင်က နိုင်ငံတကာပရိသတ်များ မမြင်တွေ့ခဲ့ရသော သက်သေအထောက်အထားများကို ဖော်ထုတ်ပေးနိုင်ခဲ့သည် -

## ဖြစ်ရပ်မှန် လေ့လာချက် : ဗီယက်နမ်

Legal Initiatives for Vietnam သည် နိုင်ငံအတွင်းရှိ Facebook ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆန်းစစ်ရန် CLARITI ကို အသုံးချခဲ့သည်။ *ယင်းဆန်းစစ်ချက်သည် တက်ကြွလှုပ်ရှားသူများ၊ လွတ်လပ်သောမီဒီယာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် အကြောင်းအရာများကို မှားယွင်းစွာဖယ်ရှားခံရခြင်း၊ အကောင့်များကန့်သတ်ခံရခြင်း၊ ၎င်းတို့ရေးသားဖော်ပြသည့်အကြောင်းအရာများအား အခြားအသုံးပြုသူများမှ မြင်တွေ့နိုင်စွမ်း (Visibility) လျော့နည်းသွားခြင်းနှင့် အစိုးရဝါဒဖြန့်မှုများ ပိုမိုပျံ့နှံ့လာခြင်းစသည့် ထိခိုက်နစ်နာမှုများကို မည်သို့ကြုံတွေ့ခဲ့ရကြောင်း* မှတ်တမ်းတင်နိုင်ခဲ့သည်။ ဤထိခိုက်နစ်နာမှုများသည် ယခင်က နိုင်ငံတကာအဆင့်တွင် တရားဝင် သက်သေအထောက်အထားအဖြစ် မတည်ရှိခဲ့သော အချက်များဖြစ်သည်။

## ဖြစ်ရပ်မှန် လေ့လာချက် : တရုတ်

Human Rights in China သည် X (ယခင် Twitter) ကို တရုတ်နိုင်ငံမှ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် အစိုးရကို ဝေဖန်သူများအတွက် အရေးပါသော ပလက်ဖောင်းတစ်ခုအဖြစ် ဆန်းစစ်ရန် CLARITI ကို အသုံးပြုခဲ့သည်။ ဤဆန်းစစ်ချက်အရ *အကောင့်များကို တရားဝင်အကြောင်းပြချက်မရှိဘဲ အကြောင်းမဲ့ရပ်ဆိုင်းခြင်း၊ အသုံးပြုသူအား အသိမပေးဘဲ တိတ်တဆိတ် ကန့်သတ်ခြင်း၊ အလိုအလျောက်စနစ်သုံး အကြောင်းအရာထိန်းချုပ်မှုများအပေါ် အလွန်အကျွံ အားကိုးခြင်းနှင့် ပလက်ဖောင်း၏ အကောင့်အတည်ပြုချက်စနစ်ကို အလွဲသုံးစားပြုခြင်းတို့* အား တွေ့ရှိခဲ့ရသည်။ ယင်းလုပ်ရပ်များကြောင့် တက်ကြွလှုပ်ရှားသူများအပေါ် လူပုဂ္ဂိုလ်အယောင်ဆောင်ခြင်း၊ နှောင့်ယှက်စော်ကားခြင်းနှင့် အချက်အလက်ခိုးယူရန် ကြိုးပမ်းသည့် တိုက်ခိုက်မှု (Phishing) များ ဖြစ်ပေါ်စေသည်။

## ⚠️ ဘေးကင်းလုံခြုံရေးကို ဦးစွာစဉ်းစားပါ။

CLARITI ကို ကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်ရန် ဘေးကင်းမှုမရှိနိုင်သည့် အခြေအနေများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။ သင့်လုပ်ငန်းခွင် အခြေအနေတွင် သိသာထင်ရှားသော အန္တရာယ်များရှိပါက လေ့လာဆန်းစစ်ချက်မစတင်မီ သင့်အဖွဲ့အစည်း၏ လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တိုင်ပင်ဆွေးနွေးပါ။

# စည်းရုံးလှုံ့ဆော်မှုနှင့် တာဝန်ခံစေမှုအတွက် လေ့လာတွေ့ရှိချက်များကို အသုံးပြုခြင်း

သင်သည် CLARITI သို့မဟုတ် အခြားနည်းလမ်းများဖြင့် သက်သေအထောက်အထားများ မှတ်တမ်းတင်ပြီးပါက ယင်းတို့ကို ပိုမိုအားကောင်းစေရန် လမ်းကြောင်းများစွာ ရှိပါသည်။ အထိရောက်ဆုံးသော မဟာဗျူဟာများမှာ ဒေသတွင်း သက်သေများကို နိုင်ငံတကာ တာဝန်ခံမှု ယန္တရားများနှင့် ပေါင်းစပ်ပြီး ဘက်ပေါင်းစုံမှ တပြိုင်နက်တည်း ဖိအားပေးခြင်း ဖြစ်သည်။

## နိုင်ငံတကာ စည်းရုံးလှုံ့ဆော်မှုအတွက် မဟာဗျူဟာမြောက် အကြံပြုချက်များ

အောက်ဖော်ပြပါ အကြံပြုချက်များသည် နည်းပညာကဏ္ဍရှိ စီးပွားရေးနှင့် လူ့အခွင့်အရေး (BHR) ဆိုင်ရာ ကိစ္စရပ်များကို စတင်ချိတ်ဆက်ဆောင်ရွက်မည့် ဒေသတွင်း CSOs များအတွက် ရည်ရွယ်၍ ရေးဆွဲထားခြင်း ဖြစ်သည်။

### ၁) UN လုပ်ငန်းစဉ်များတွင် CLARITI တွေ့ရှိချက်များကို အသုံးပြုပါ။

မှတ်တမ်းတင်ထားသောသက်သေများကို စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အာရှ-ပစိဖိတ် ဒေသတွင်း ဖိုရမ် (UNRBHR) သို့ တင်ပြပြီး UN B-Tech Project ထံမှ မူဝါဒဆိုင်ရာ ပံ့ပိုးကူညီမှု ရယူပါ။

ဦးတည်ချက်ရှိသော ဆွေးနွေးပွဲပုံစံများ၊ ဥပမာအားဖြင့် 'လူထုကိုယ်တိုင်ဦးဆောင်သော HRIA ကဏ္ဍ' သို့မဟုတ် 'ကုမ္ပဏီတာဝန်ခံမှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ' စသည်တို့ကို အဆိုပြုပြီး ထိုတွေ့ဆုံပွဲများကို တက်ရောက်လာသော ကုမ္ပဏီများ၊ အစိုးရများနှင့် နောက်ဆက်တွဲ တွေ့ဆုံမှုများရရှိရန် အခွင့်အလမ်းအဖြစ် အသုံးချပါ။ အခြားသက်ဆိုင်သော UN ယန္တရားများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ UN အထူးကိုယ်စားလှယ်၊ တသီးပုဂ္ဂလ ကိုယ်ရေးကိုယ်တာ လုံခြုံခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် နိုင်ငံတကာ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) တို့ ပါဝင်သည်။

### ၂။ လုပ်ငန်းကဏ္ဍဆိုင်ရာ ချိတ်ဆက်မှုလမ်းကြောင်းများမှတဆင့် လက်တွေ့အကောင်အထည်ဖော်မည့် ကတိကဝတ်များရရှိရန် တိုက်တွန်းအားပေးပါ။

ဆွေးနွေးမှုများကို ယေဘုယျစံနှုန်းများအဆင့်မှကျော်လွန်၍ အစိုးရ၏ တောင်းဆိုချက်များကို ကိုင်တွယ်ရာတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိစေရေး၊ CSOs များ အတွက် ရှင်းလင်းတိကျသော အရေးပေါ်တိုင်ကြားမှု လမ်းကြောင်း (escalation channels) များ ထားရှိရေးနှင့် ကုမ္ပဏီ၏ ဆောင်ရွက်ချက်တခုစီတိုင်းက လူ့အခွင့်အရေးအပေါ် သက်ရောက်နိုင်မှုများကို အလေးအနက်ထား ဆန်းစစ်အကဲဖြတ်သည့် လုပ်ငန်းစဉ် (human rights due diligence process) များတွင် အဓိပ္ပာယ်ရှိသော လူထုတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရေး စသည့် ခိုင်မာသော ကတိကဝတ်များအဖြစ်သို့ ပြောင်းလဲသွားစေရန် စီးပွားရေးကို အဓိကထားသော ဖိုရမ်များတွင် ပါဝင်ချိတ်ဆက်ပါ။

နိုင်ငံတကာ ပလက်ဖောင်းများအတွင်းသာ ပါဝင်ရန် သင့်ကိုယ်သင် ကန့်သတ်မထားပါနှင့်။ ကုန်သည်ကြီးများ အသင်း၊ စက်မှုလုပ်ငန်းအဖွဲ့အစည်းများနှင့် စားသုံးသူသမဂ္ဂများသည်လည်း ဤကိစ္စရပ်များကို ကုမ္ပဏီများနှင့် တိုက်ရိုက်ဆွေးနွေးရန် ထိရောက်သော အစပျိုးဝင်ရောက်ရာ လမ်းကြောင်းများ ဖြစ်နိုင်ပါသည်။

### ၃။ နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်ရေး ကွန်ရက်များအတွင်း ချိတ်ဆက်လုပ်ဆောင်ပါ။

နည်းပညာကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် လူ့အခွင့်အရေးဆိုင်ရာကျွမ်းကျင်သူများ စုဖွဲ့ထားသည့် Global Network Initiative (GNI) ကဲ့သို့သော ကွန်ရက်များအတွင်းသို့ CLARITI ၏ ထွက်ပေါ်လာသော ရလဒ်များကို ယူဆောင်လာပါ။ ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများကို တနေရာတည်းတွင် တွေ့ဆုံဆွေးနွေးစေခြင်းက

ပေါင်းစပ်တွန်းအားကို ဖြစ်ပေါ်စေပြီး အနှစ်သာရရှိသော နောက်ဆက်တွဲဆောင်ရွက်ချက်များ ဖြစ်ပေါ်လာနိုင်ခြေကို မြှင့်တင်ပေးပါသည်။

## ၄။ တာဝန်ခံမှုဆိုင်ရာ ပလက်ဖောင်းများမှတဆင့် အထောက်အထားများကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ပါ။

မှတ်တမ်းတင်ထားသော ထိခိုက်နစ်နာမှုများကို ပိုမိုမြင်သာမှုရလာစေရန်နှင့် ကုမ္ပဏီဘက်မှ တရားဝင်တုံ့ပြန်မှုအား မှတ်တမ်းတခုအဖြစ် ဖန်တီးရန် Business & Human Rights Resource Centre (BHRRC) သို့မဟုတ် B-Tech Project ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ။ ဤနည်းလမ်းသည် ကုမ္ပဏီနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရန် ကြိုးပမ်းမှုများ ရပ်တန့်နေချိန် သို့မဟုတ် ကုမ္ပဏီဘက်မှ ထိတွေ့ဆက်ဆံရန် ငြင်းဆန်ထားသည့် အခြေအနေမျိုးတွင် အထူးပင် အသုံးဝင်ပါသည်။

## ၅။ ဖိုရမ်များမှတဆင့် စည်းရုံးခြင်းအပြင် ပိုမိုတင်းကျပ်သော တာဝန်ခံမှုနည်းလမ်းများကိုပါ တွဲဖက်ကျင့်သုံးပါ။

အကယ်၍ ကုမ္ပဏီတခု၏ ရုံးချုပ်သည် OECD အဖွဲ့ဝင်နိုင်ငံတခုတွင် အခြေစိုက်လျှင်သော်လည်းကောင်း၊ OECD စည်းမျဉ်းများ သက်ရောက်မှုရှိသောနိုင်ငံတွင် ရှိနေလျှင်သော်လည်းကောင်း OECD နိုင်ငံအဆင့်ဆက်သွယ်ရေးဗဟို (NCP) ထံ တိုင်ကြားခြင်းသည် အားကောင်းသော နောက်ထပ်တွန်းအားတခု ဖြစ်လာနိုင်သည်။ အထူးသဖြင့် မိမိဆန္ဒအလျောက် တွေ့ဆုံဆွေးနွေးမှုများ (Voluntary dialogue) မအောင်မြင်သည့်အခါမျိုးတွင် ဤနည်းလမ်းကို အသုံးပြုသင့်ပါသည်။

## ၆။ အဓိကဖိုကျသောညီလာခံဖိုရမ်များ မတိုင်မီ မဟာမိတ်အဖွဲ့အစည်းများ စုပေါင်းလုပ်ကိုင်ထားသည့် သက်သေအထောက်အထားစာတွဲတစ်စောင်ကို ပြုစုပါ။

ဒစ်ဂျစ်တယ်အာဏာရှင်စနစ် တားဆီးတိုက်ဖျက်ရေး အာဆီယံဒေသတွင်း မဟာမိတ်အဖွဲ့နှင့် အရှေ့တောင်အာရှ မူဝါဒရေးရာပူးပေါင်းဆောင်ရွက်ရေး ကွန်ရက် (SEA CPN) တို့သည် အဓိကဆွေးနွေးပွဲများမတိုင်မီ စနစ်တကျ ပူးပေါင်းပြုစုထားသော သက်သေအထောက်အထားအစုအဝေးများကြောင့် သိသာထင်ရှားသော စည်းရုံးလှုံ့ဆော်ရေး အောင်မြင်မှုများကို ရရှိခဲ့ကြသည်။

အဓိကဝင်ရောက်ဆွေးနွေးမှုများ မပြုလုပ်မီ (က) ခိုင်လုံသော တွေ့ရှိချက် နှစ်ခု သို့မဟုတ် သုံးခု၊ (ခ) ဘေးအန္တရာယ်နှင့် သက်ရောက်ရိုက်ခတ်မှုများဆိုင်ရာ အနှစ်ချုပ်၊ (ဂ) ကုမ္ပဏီများနှင့် အစိုးရများထံ တောင်းဆိုလိုသော ရှင်းလင်းသည့် အချက် ၅ ချက် စသည်တို့ပါဝင်သော အထောက်အထားအကျဉ်းချုပ်တစောင်ကို ပူးပေါင်းပြုစုပါ။ ဤသို့ ပြုလုပ်ခြင်းဖြင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများအနေနှင့် အချက်အလက်များကို လျင်မြန်စွာ ညီညီညာညာချိတ်ဆက်မိစေပြီး၊ စည်းရုံးလှုံ့ဆော်မှုတွင် တသံတည်း ထွက်ပေါ်လာစေရန် အထောက်အကူပြုသည်။

## ပူးပေါင်းဆောင်ရွက်ရန် သင့်တော်သော အစုအဖွဲ့ပေါင်းစုံ ပါဝင်သည့် ပလက်ဖောင်းများ

- စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ဖိုရမ် (UN Forum on Business and Human Rights) — (ဂျနီဗာ နှင့် ဘန်ကောက် အစည်းအဝေးများ) စံနှုန်းများ သတ်မှတ်ခြင်းနှင့် ကုမ္ပဏီများ၏ တာဝန်ခံမှုရှိစေရေးအတွက် အဓိကကျသော နေရာ။
- အာရှ-ပစိဖိတ် ဒစ်ဂျစ်တယ်အခွင့်အရေး ညီလာခံ (Digital Rights Asia-Pacific Assembly (DRAPAC) — သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍမှ တိုက်ရိုက်ပါဝင်သော ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများ၏ စုံညီစည်းဝေးမှု။
- နည်းပညာကဏ္ဍ ထိပ်သီးအစည်းအဝေးများနှင့် ဒစ်ဂျစ်တယ်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ကုမ္ပဏီများ ပါဝင်ဆွေးနွေးလေ့ရှိသော လုပ်ငန်းစုဆိုင်ရာ တွေ့ဆုံပွဲများ။
- အာဆီယံနှင့် ကုလသမဂ္ဂမူဘောင်များအောက်ရှိ ဒေသတွင်း အစုအဖွဲ့ပေါင်းစုံပါဝင်သော လုပ်ငန်းစဉ်များ။

# နိဂုံး

အာရှ-ပစိဖိတ်တဝှမ်းတွင် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်သည် ပိုမိုကျပ်တည်းလာနေပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တသီးပုဂ္ဂလ ကိုယ်ရေးကိုယ်တာ အချက်အလက်လုံခြုံခွင့်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်မှာ အစိုးရ သို့မဟုတ် နည်းပညာကုမ္ပဏီများအပေါ်တွင်သာ မူတည်သည်မဟုတ်ဘဲ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စဉ်ဆက်မပြတ်ရေရှည်တည်တံ့သော အသိပညာအခြေပြု ချိတ်ဆက်ဆောင်ရွက်မှုများကိုလည်း အဓိကလိုအပ်ပါသည်။

ဒေသတွင်း အတွေ့အကြုံများအရ CSOs များသည် ထိခိုက်နစ်နာမှုများကို တိကျခိုင်မာစွာ မှတ်တမ်းတင်သောအခါ၊ ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအပေါ် အခြေခံသောအခါ၊ တသင်းတဖွဲ့တည်းအင်အားဖြင့်မဟုတ်ဘဲ စုပေါင်းလုပ်ဆောင်ကြသောအခါ တင်းကျပ်သည့် နိုင်ငံရေးအခြေအနေတွင် လုပ်ငန်းလည်ပတ်နေသည့် ကုမ္ပဏီများအပါအဝင် အင်အားကြီးမားသော နည်းပညာကုမ္ပဏီများကိုပင် အပြုသဘောဆောင်သော သက်ရောက်မှုများ ဖြစ်ပေါ်လာစေရန် ထိရောက်စွာ လွှမ်းမိုးနိုင်ကြောင်း ပြသနေပါသည်။

လူ့အခွင့်အရေး ဆောင်ရွက်သူများအတွက် သင်ခန်းစာမှာ ရှင်းလင်းပါသည်။ မဟာဗျူဟာမြောက်ပြီး သက်သေအထောက်အထားအခြေပြုသော ချိတ်ဆက်ဆောင်ရွက်မှုသည် အန္တရာယ်များသော အခြေအနေမျိုးတွင် ဖြစ်နိုင်ခြေရှိရုံမျှမကဘဲ၊ မဖြစ်မနေလိုအပ်သော ဆောင်ရွက်ချက်လည်း ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာများသည် အာရှ-ပစိဖိတ်ရှိ အရပ်ဘက်လူမှုဝန်းကျင်ကို ဆက်လက်ပြောင်းလဲပုံဖော်နေမည် ဖြစ်သည်။ ထိုနည်းပညာများသည် လူသားဂုဏ်သိက္ခာကို လေးစားသော၊ လူ့အခွင့်အရေးများကို ကာကွယ်ပေးသော၊ ဒီမိုကရေစီနည်းကျ ပါဝင်မှုကို အားကောင်းစေသော လမ်းကြောင်းများဆီသို့ ဖွံ့ဖြိုးတိုးတက်လာမည်လားဆိုသည်မှာ အရပ်ဘက်အဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်ရန် ရွေးချယ်မှုအပေါ်တွင် များစွာသောအတိုင်းအတာတခုအထိ မူတည်နေပါသည်။

**ယခုပင် စတင်လိုက်ပါ**

ဤလက်စွဲစာအုပ်ကို အသုံးပြုရန် အသင့်ဖြစ်ပြီလား။ ချက်ချင်းလုပ်ဆောင်ရမည့် နောက်ထပ်ခြေလှမ်းများ -

- သင်တို့ ချဉ်းကပ်ဆောင်ရွက်မည့် ကုမ္ပဏီ၊ သို့မဟုတ် အစိုးရနှင့် အကိုက်ညီဆုံးဖြစ်သော လူ့အခွင့်အရေးဆိုင်ရာ မူဘောင်များကို ပြန်လည်သုံးသပ်ပါ။

| |
|---|
| • သင်တို့ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော အခြေအနေများကို ဘေးကင်းလုံခြုံစွာ ချိတ်ဆက်ဆောင်ရွက်ခြင်း (Safe Engagement) အပိုင်းတွင် ဖော်ပြထားသည့် ဘေးကင်းလုံခြုံရေးအချက်များနှင့် တိုက်ဆိုင်စစ်ဆေးပါ။ |
| • သင့်ကိုယ်စားပြုရသော အခြေအနေအတွက် (ကုမ္ပဏီမှ စစ်ဆေးခြင်းမဟုတ်သည့်) သီးခြားဆန်းစစ်ချက် (Shadow Assessment) ကို ပြုလုပ်ရန် လိုအပ်ပါက CLARITI ကို claritihria.net တွင် လေ့လာပါ။ |
| • သင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် မဟာမိတ်အဖွဲ့များကို ရှာဖွေဖော်ထုတ်ရန် SEA CPN ၊ သို့မဟုတ် DRAPAC နှင့် ဆက်သွယ်ပါ။ |